# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရခိုင်ပြည်နယ်လွှတ်တော်

# ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်
# ကြိုတင်ကာကွယ်ရေးဥပဒေ

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| - | နိဒါန်း | | |
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) | ရည်ရွယ်ချက်များ | ၃ |
| ၃။ | အခန်း(၃) | ကော်မတီဖွဲ့စည်းခြင်း | ၄ |
| ၄။ | အခန်း(၄) | ကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၅ |
| ၅။ | အခန်း(၅) | သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ | ၇ |
| ၆။ | အခန်း(၆) | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၂ |
| ၇။ | အခန်း(၇) | အထွေထွေ | ၁၅ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရခိုင်ပြည်နယ်လွှတ်တော်
## ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၁)

၁၃၇၅ ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

**နိဒါန်း**

ရခိုင်ပြည်နယ်လွှတ်တော်သည်၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရခိုင်ပြည်နယ်ကိုဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ လူမှုဝန်ထမ်းကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် ပြည်နယ်ဝန်ကြီးကိုဆိုသည်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကိုဆိုသည်၊

(င) **သဘာဝဘေးအန္တရာယ်** ဆိုသည်မှာ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပထဝီအနေအထားပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်တတ်သောသဘာဝဘေးအန္တရာယ်များ၊ ဇီဝ၊ ဓါတု၊ စက်မှု၊ အဏုမြူဘေး အန္တရာယ်များနှင့် အခြားဘေးအန္တရာယ်တစ်ခုခုကိုဆိုသည်၊

(စ) **ကော်မတီ** ဆိုသည်မှာ ပြည်နယ်၊ ခရိုင်၊မြို့နယ်၊ မြို့နယ်ခွဲ ရပ်ကွက်နှင့် ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်ကိုဆိုသည်၊

(ဆ) **ဘေးသင့်သူများ** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ခံစားရသူများ ကိုဆိုသည်၊

(ဇ) **စေတနာ့ဝန်ထမ်း** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကူညီဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။



## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကိုစနစ်တကျထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ပြည်နယ်ကော်မတီ နှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်နိုင်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

(ဃ) ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရရှိနိုင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်နိုင်ရန်၊

(င) သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် ကြိုတင်ဆောင်ရွက် သင့်သည်များကို စီမံချက်များဖြင့် ဆောင်ရွက်နိုင်ရန်၊

(စ) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက် စေရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ လိုအပ်လျှင်ကြိုတင်လေ့ကျင့် ခြင်းများဆောင်ရွက်နိုင်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ် ကျရောက်လာလျှင် အရေးပေါ် ကယ်ဆယ် စောင့်ရှောက်ရေးလုပ်ငန်း နှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းတို့တွင် ပြည်သူများ နီးကြားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည်ပြည်နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် ရေးကော်မတီကိုပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ ပြည်နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီ သည်လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအား ဝန်ကြီး၏ သဘော တူညီချက်ဖြင့် လိုအပ်သလိုဖွဲ့စည်းနိုင်သည်။





၆။ ပြည်နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ သည်ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ် ရေးကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၇။ မြို့နယ်၊ မြို့နယ်ခွဲ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီများသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း(၄)
## ကော်မတီများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်များချမှတ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် တစ်မျိုးမျိုးကျရောက်သည့်အခါ ကြိုတင်ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လူမှုရေး အသင်းများ၊ စေတနာ့ဝန်ထမ်းများ၊ အခြားအဖွဲ့အစည်း များနှင့်ဆက်သွယ်ညှိနှိုင်းပူးပေါင်း၍ ထိရောက် လျင်မြန် စွာအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေ ရှိ မရှိကို အမြဲ မပြတ်စောင့်ကြည့်လေ့လာပြီး ဘေးအန္တရာယ် ဖြစ်ပေါ်

နိုင်သည့် သတင်းအချက်အလက်များ ရရှိပါကစိစစ်ပြီး အချိန်နှင့်တပြေးညီကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်ပါက ထိခိုက်ပျက်စီးမှု လျော့ပါးစေရန် ရှာဖွေကယ်ဆယ်ရေးနှင့်အရေးပေါ်လုပ်ငန်းများ ချက်ချင်းအကောင်အထည်ဖော်ပြီး ဘေးသင့်သူများသို့စားရေရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်း၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ထောက်ပံ့ခြင်း၊ ယာယီနေရာချထားခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့်ကူးစက်ရောဂါများကျရောက်ခြင်း မရှိစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းများကို အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကျရောက်သည့် နယ်မြေတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ၊ စီမံခန့်ခွဲမှုများအတွက် အဆောက်အဦ သို့မဟုတ် သီးသန့်နေရာဒေသ သို့မဟုတ် ဘေးအန္တရာယ်ကျရောက်သည့်နယ်မြေ သို့မဟုတ် အနီးအနားနယ်မြေများသို့ ခွင့်ပြုချက်မရှိဘဲဝင်ရောက်ခြင်းမပြုရန် တားမြစ်ခြင်း သို့မဟုတ် ယင်းအဆောက်အဦနှင့် နေရာဒေသတို့မှ ထွက်ခွာသွားရန်သက်ဆိုင်သူများကို ညွှန်ကြားခြင်း၊



(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကိုစာရင်းကောက်ယူ၍ မှတ်တမ်းပြုစုထိန်းသိမ်းပြီး ဆုံးရှုံးမှုအရပ်ရပ်တို့အတွက် ကောင်းမွန်သော အခြေအနေရောက်ရှိစေရန် ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၉။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက်ရရှိသည့်ရန်ပုံငွေများကို သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသများတွင် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့်သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စစ်ဆေးခံနိုင်ရန်စာရင်းပြုစုထိန်းသိမ်းထားရှိရမည်။

## အခန်း(၅)

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

၁၀။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီအဆင့်ဆင့်သည်-

(က) ကော်မတီက ချမှတ်ထားသော လုပ်ငန်းစဉ်နှင့် အညီ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်း၊

(ခ) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုရရှိရန်ပညာပေးစည်းရုံးခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ချမှတ်သည့် လုပ်ငန်းစဉ်များနှင့် အညီ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂိုလ်များပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလိုကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ လိုက်နာရမည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(င) ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများကို လိုက်နာခြင်းရှိ မရှိလိုအပ်သလိုစစ်ဆေးခြင်း၊စစ်ဆေးစေခြင်း၊

(စ) ကွပ်ကဲရေးယာဉ်၊ စက်ကိရိယာပစ္စည်းများ၊ ရေ၊ စက်သုံးဆီ၊ ဓါတ်ဆီနှင့်ချောဆီ စသည်တို့ကို အဆင်သင့် အသုံးပြုနိုင်ရန် စနစ်တကျပြင်ဆင်၊ စုဆောင်းထားရှိခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကိုစီမံဆောင်ရွက်ရာတွင်ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ ( အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ ) အား ဦးစားပေးပြီး ကူညီဆောင်ရွက်ခြင်း။



၁၁။ ကော်မတီအဆင့်ဆင့်သည် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသတို့ကို ဖော်ထုတ်၍ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေ ဆန်းစစ်ချက်ပြုစုခြင်းနှင့် အရေးပေါ်ဆောင်ရွက်ရမည့် စီမံချက်များရေးဆွဲခြင်း၊

(ခ) မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ကြိုတင်ထုတ်ပြန်ထားသော သတိပေးချက်များကို အများပြည်သူသို့ အချိန်မီထပ်ဆင့်ထုတ်ပြန်ပေးခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်လွတ်ကင်းသည့် နေရာဒေသသို့ အများပြည်သူ၊ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် ပစ္စည်းဥစ္စာများရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ရေလွှမ်းမိုးနိုင်သည့်နေရာဒေသအတွင်း ရေထွက်ပေါက်များ လွယ်ကူစေရေးအတွက် မြစ်ချောင်းများအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်းမပြုရန်၊ ပြည်သူလူထုအား အသိပညာပေးခြင်း၊ မြစ်ချောင်း ကမ်းပါးတလျှောက် နေထိုင်ခြင်း မပြုရန် တားမြစ်ခြင်းနှင့် နေထိုင်သူများအား ဖယ်ရှားစေရန် ဆောင်ရွက်ပေးခြင်း။

၁၂။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့် ဒေသတွင် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အလွယ်တကူရှောင်တိမ်းရန် မဖြစ်နိုင်သောဒေသတွင် မုန်တိုင်းဒဏ်ခံအဆောက်အဦနှင့် အသက်ကယ်ကုန်းများ ဆောက်လုပ်ထားခြင်း၊

(ခ) ပင်လယ်ကမ်းရိုးတန်းတလျှောက်နှင့် ရေလွှမ်းမိုးခြင်းခံရနိုင်သည့်ဒေသများတွင် တာတမံများတည်ဆောက်ခြင်း၊

(ဂ) ပင်လယ်ကမ်းရိုးတန်းတလျှောက် ဒီရေတောများ ထိန်းသိမ်းခြင်းနှင့်ကြီးထွားမြန်သစ်ပင်များစိုက်ပျိုးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေငလျင်ဒဏ်ခံနိုင်မည့် အဆောက်အဦများ ဆောက်လုပ်စေခြင်းနှင့်ပြိုကျနိုင်မည့် အဆောက်အဦများအား ပြင်ဆင်စေရန် ညွှန်ကြားခြင်း။

၁၃။ ကော်မတီအဆင့်ဆင့်သည် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါရှာဖွေကယ်ဆယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပျောက်ဆုံးနေသူများကိုအရေးပေါ်ရှာဖွေကယ်ဆယ်ခြင်း၊

(ခ) ဘေးသင့်သူများအားဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခြင်း၊ ယာယီနေရာချထားပေးခြင်း၊ စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးခြင်း၊



(ဂ) စီမံခန့်ခွဲအရေးပေါ် ကွပ်ကဲရေးရုံးဖွင့်လှစ်ပြီးအပျက်အစီးများရှင်းလင်းဖယ်ရှားခြင်း၊ ပျက်စီးဆုံးရှုံးမှုများကို ပဏာမစာရင်းပြုစုခြင်းနှင့် ထောက်ပံ့ရန်လိုအပ်မှုများအတွက် ဆန်းစစ်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ယာယီဆေးခန်းနှင့်ဆေးရုံများဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရသူနှင့် မကျန်းမာသူများ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါများအား မကျရောက်စေရေးအတွက်ကာကွယ်ခြင်း၊

(င) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၁၄။ ကော်မတီအဆင့်ဆင့်သည် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုအောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အဆောက်အဦများ၊ နေအိမ်များကို သင့်လျော်သည့်နေရာတွင်ပြန်လည်တည်ဆောက်ခြင်း၊

(ခ) ဘေးသင့်သူများအတွက်စိုက်ပျိုးရေးလုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်ပြန်လည်လုပ်ကိုင်နိုင်ရန်ထူထောင်ခြင်း၊

(ဂ) ဘေးသင့်သူများအနက် ကျောင်းနေသူများ ပညာရေး ဆက်လက်သင်ယူနိုင်ရန် စီမံဆောင်ရွက်ပေးခြင်းနှင့် စာသင်ကျောင်းများပြန်လည်တည်ဆောက်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက် ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ပြီး လူမှု အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရန် ထူထောင်ခြင်း။

၁၅။ ကော်မတီအဆင့်ဆင့်သည် အခြားသဘာဝဘေးအန္တရာယ် တစ်ခုခု ဖြစ်ပေါ်နိုင်ရန် အကြောင်းရှိသည့်အခါ အဆိုပါဘေးအန္တရာယ်နှင့် ပတ်သက်၍ လျော့နည်းသက်သာစေသည့် အစီအမံများကို ကြိုတင် ဆောင်ရွက်ရမည်။

## အခန်း(၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၆။ မည်သူမဆိုအများပြည်သူအထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက် ဖြင့်သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ မဟုတ်မမှန်သတင်းလွှင့် ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၁၇။ မည်သူမဆို သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်စေမည့် ပင်လယ်ကမ်း ခြေနှင့် မြစ်ချောင်းများအတွင်းမှ သဲ၊ ကျောက်စရစ်၊ ဒီရေတောများကို ခွင့်ပြုချက်မရှိဘဲထုတ်ယူသုံးစွဲကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။



၁၈။ မည်သူမဆိုသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးအတွက် တည်ဆောက်ထားသည့်တာတမံများ၊ မုန်တိုင်းဒဏ်ခံအဆောက်အဦများ၊ ဒီရေတောများကို ပျက်စီးအောင်ဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်းတို့ကို ပြုလုပ်မှုကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင်ထိုသူကို နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တစ်ရပ်ရပ် ဆောင်ရွက်သည်ကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း၊ လက်ရောက်ကျူးလွန်ခြင်း သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၀။ မည်သူမဆို သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန်တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ညွှန်ကြားချက် တစ်ရပ်ရပ်ကိုလိုက်နာရန် တမင်ပျက်ကွက်မှု ကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသသို့မဟုတ် အဆောက်အဦးအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၂။ မည်သူမဆို ဘေးသင့်သူများအားထောက်ပံ့သည့် စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့်အသုံးပြုခြင်း၊ရောင်းဝယ်ခြင်း၊တားဆီးခြင်း သို့မဟုတ်ဖျက်ဆီးခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၃။ မည်သူမဆို ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံ သဘာဝဘေးအန္တရာယ်ခံစားရသည်ဟု မဟုတ်မမှန် လိမ်လည်၍ စားရေရိက္ခာ နှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေး ပစ္စည်းများကိုဖြစ်စေ၊ ထောက်ပံ့ငွေကိုဖြစ်စေ တင်ပြတောင်းခံကြောင်းတွေ့ရှိ၍ ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။



၂၄။ မည်သူမဆိုဤဥပဒေအရတာဝန်ပေးအပ်ခြင်းခံရသည့်မည်သည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆိုသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန် ရေးသွင်းခြင်းပြုကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၂၅။ မည်သူမဆိုဤဥပဒေအရတာဝန်ပေးအပ်ခြင်းခံရသည့်မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆိုပေးအပ်သောတာဝန်ကိုထမ်းဆောင်ရန် တမင်ပျက်ကွက်ခြင်းဖြစ်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

## အခန်း(၇)

## အထွေထွေ

၂၆။ ကော်မတီအဆင့်ဆင့်သည်မိမိ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ တောင်းယူနိုင်သည်။

၂၇။ ဤဥပဒေအရ ကော်မတီအဆင့်ဆင့်က သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် သဘောရိုးဖြင့် ဆောင်ရွက်သောကိစ္စရပ်များအတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်း ဖြစ်သော်လည်းကောင်း

မည်သည့်တရားရုံးတွင်မျှ တရားစွဲဆို အရေးယူခြင်းမရှိစေရ။

၂၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ်သတ်မှတ်သည်။

၂၉။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ပြည်နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် ပြည်နယ်အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၃၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ပြည်နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီသည်ဝန်ကြီး၏သဘောတူညီချက်ဖြင့်လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)

လှမောင်တင်

ဝန်ကြီးချုပ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့